**(၁) နှမ်းရိုးမည်း/ အမြစ်ပုပ်/ မီးသွေးပုပ်ရောဂါ (Black stem/Root rot/ Charcoal rot)**

**ရောဂါဖြစ်စေသောသက်ရှိ** - ***Rhizoctonia bataticola*** **(Taubenh.) E. J. Butler,**

- ***Macrophomina phaseolina*** **(Tassi) Goid**

**ရောဂါလက္ခဏာ**

အပင်၏အောက်ရွက်များဝါလာသည်ကိုစတင်တွေ့ရှိရမည်။ နောက်ပိုင်းတွင် အရွက် များ ငိုက်ကျ၍ အရွက်ကြွေခြင်းများလည်းဖြစ်နိုင်သည်။ ပင်စည်၏ပင်ခြေပိုင်းတွင်အညို/ အမည်းရောင်အနာကွက်ဖြစ်သည်။ ရောဂါပြင်းထန်လျှင် အနာရွက်တစ်သျှူး သားများ ညိုမဲပြီးအနာချိုင့်ဖြစ်လာသည်။ အခေါက်များဖွာလန်လာသည်။ ရောဂါရတစ်သျှူး များ ပေါ်တွင် ခပ်မည်းမည်း အဖုလေးများ ဖြစ်ပေါ်သည်။ နှမ်းပင် ခြေရင်း ပိုင်းလုံးဝမဲနက်ပြီး ပင်ပေါ် ပိုင်းလည်း အဝါရောင်ပြောင်းကာ ညှိုးစပြု လာသည်။ ရောဂါရနှမ်းရိုးကို ထက်ခြမ်း ခွဲကြည့်ပါက မှိုမျှင်စုများတွေ့နိုင်သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- စိုက်ခင်းရေမဝပ်စေရန်ဆောင်ရွက်ပါ။
- ကြားပေါင်းလိုက်ရာတွင်အပင်များထိခိုက်မှုမရှိစေရ။
- သီးလှည့်စံနစ်ဖြင့်စိုက်ပါ။

- ရောဂါရပင်ကြွင်းပင်ကျန်များကို မီးရှို့ဖျက်ဆီးပစ်ပါ။
- ရောဂါစတင်တွေ့ရှိပါက Mancozeb (မန်ကိုဇက်)၊ Propiconazole (ပရိုပီကိုနာဇိုး)၊ Azoxystrobin (အဇိုဆီစထရိုဘင်) စသောမှိုသတ် ဆေးတစ်မျိုးမျိုးဖြင့် ပက်ဖျန်းအသုံးပြုပါ။ အပင်နှင့်အပင်ခြေရင်း သို့ရွှဲရွှဲဖျန်းပါ။